ဆောင်မြင်စာပေ

ခြင်ကွန်း

ခွင်းဆီ

လမ်းကြား

၆၁ကင်ဖွင့်


နှင်းကျွန်း
ဒုတိယ
လမ်းကြား

စာစီ၅-၈၃

နတ်မြွာမိုး
နင်းဆီလမ်းကြား/နတ်မြွာမိုး။ - ရန်ကုန်၊
အောင်မြင်စာပေ၊ ၂၀၁၃။
၁၅၃ - စာ၊ ၁၃.၅ × ၂၁ စင်တီ။

ထုတ်ဝေသူ ဦးအောင်မြင့်၊ အောင်မြင်ပုံနှိပ်တိုက်၊
မြန်မာ့ရေး အောင်မြင်စာပေ၊ ပထမအကြိမ်၊ ၂၀၁၃ ခုနှစ်၊ (သြဂုတ်လ)၊ အုပ်ရေ(၅၀၀)။

♣ တစ်ညလုံးလွမ်းပြီး
ရသုံးမှန်းခြေမကိုက်တဲ့နေ့က
မေ့အချစ်မြားစူးသွားလို့
တူးခါးနေတဲ့အရက်ကိုသောက်
မျောက် အန်ဖတ်ဆို့သလို
တအို့အို့...အော်မြည်ခဲ့ဖူးတယ်...။



♣ မဆုံပေမယ့်
"ပလုံ"နေတဲ့အချစ်က...
လစ်လပ်သွားတဲ့ရာထူးလို...

♣ မယုံပေမယ့်
ကြံ့နေတဲ့အဖြစ်က...
"ဗျစ်"ခနဲ အထွေးခံလိုက်ရတဲ့
ကွမ်းသွေးကွက်လို...

♣ အဲ့သလို အနာမကျက်လည်း
တစ်သက်လုံးတော့ မမုန်းလိုက်ပါနဲ့
ချစ်သူသာယာနာပျော်...မယ်ဆို...
ကိုယ်သာ...
နားဖာကလော်လေးဖြစ်ချင်မှတော့
"အဖော်"ဆိုတာ...
ပုတ်သင်ညိုကြော်ငြာထက်အဆင့်မြင့်ပြီး...
ရင်နင့်အောင်မွှေးတဲ့
ဘဝလေးမဟုတ်လား...။ ।

အခန်း(တစ်)

ရာသီမဟုတ်ဘဲ ဒုက္ခပေးချင်သော ကောင်းကင်ကိုကြည့်ပြီး လင်းထက် စိတ်ညစ်ကာသွားသည် ။ ထီးတွေလှမ်းကြည့်တော့ အရွက်မှိ နှ်မှိ နှ်၊ အရိုးနွမ်းနွမ်းနှင့် အရိုးရှည်ထီးကြီးတစ်လက်ပဲ အားကောင်းမောင်းသန်

ရှိနေသည် ။ ခေါက်ထီးသုံးလက်တော့ ရှိပါရဲ့ .. အရိုးပြုတ်နှင့် ကိုင်းကျိုးတွေချည်းပင်။ မိုးကုန်ပြီဖြစ်၍ ဖြည်းဖြည်းမှ ပဲ ပြင်မည်ဟု ထားထားခြင်းဖြစ်သည် ။

အိမ်မှာ မောင်နှမလေးယောက် တစ်ယောက်တစ်လက် သုံးနိုင်သော်လည်း အရောင်လှလှမော်ဒယ်ကျကျ ထီးအသစ်တွေကိုပဲ ဦးရာလူစနစ်နဲ့ ဆွဲကာ သုံးကြသည် ။ ဟိုဟာကြီးကိုတော့ ဘယ်သူမှ မသုံး၊ သူလည်း မသုံး အမေတစ်ယောက်သာ ဟိုနားသည် နားသွားရင်း စျေးသွားရင်းသာ သုံးတတ်သည် ။

တစ်ခါတလေ ဘဲလိုက်မောင်းရင်း ထီးလိုဆောင်းပြီး တုတ်လိုလည်း ဝှေ့ယမ်းကာမောင်းသည် ။ စိတ်မရှည်လျှင် ထီးပိတ်ပြီး လုံတံပစ်သလို လှမ်းပစ်လိုက်သေးသည် ။ ကိုင်းဆယ်ချောင်းနှင့် ကြက်ဆင်ထီးကြီးက အုံ့သြစရာကောင်းလောက်အောင် ကြီ့ခိုင်လွန်းလှသည် ။

ထိုထီး၏ မူလပိုင်ရှင်ကား အဖေဖြစ်ပါသည် ။ အဖေမဆုံးခင် ထိုထီးအား တုတ်ကောက်အဖြစ်နှင့် ပင် သုံးခဲ့ပါသေးသည် ။ ဆိုတော့ကာ ထီး၏ သက်တမ်းအား ရေတွက်ပါမူ (၇)နှစ်တိတိ ရှိခဲ့လေပြီ။

လင်းထက် အိမ်ကထွက်ဖို့ ခြေလှမ်း ထီးရှိရာဘက်ရွှေ့လိုက်သည် ။ သည် ထီးကြောင့် ရှိုးပဲ့သည် ဆိုပါလျှင် ထီးမပါလို့ မိုးမိမှ ပိုပိုပဲ့စရာ အကြောင်းကြောင်းတွေကြောင့် ...။

*

''ဟဲ့!..ဟဲ့!...နင့်ထီးကလည်း ကြည့်လုပ်ပါဦးဟဲ့''

''အာ...ကန်တော့ပါဗျာ...''

''ဘာ!..နင်က ဘာမို့လို့ ကန်တော့ရမှာ လဲ..အောင်မာ''

''ဟိ..ဟိ..ဟိ...''

ရယ်သံသဲ့သဲ့ကြားလိုက်သော်လည်း လင်းထက် ဂရုမစိုက်နိုင်အားဘဲ ...

''ကျွန်တော်က ကန်တော့ပါတယ်လို့ ပြောတာပါ အစ်မရယ်''

အသံကျယ်ကျယ် ပါးစပ်ကျယ်ကျယ်နှင့် အမျိုးသမီး ကျေနပ်ပြီး မျက်နှာလွှဲသွားမှ သူလည်း လွတ်နေသော ဘေးတန်းနေရာအထိ အသာသတိထားငုံ့တိုးကာ လူရောထီးပါ နေရာကျအောင် ထိုင်ရသည် ။

သူတို့ ရပ်ကွက်မှ ရန်ကုန်မြို့ထဲအထိ ရောက်အောင်သွားဖို့ ဟိုက်လပ်အမျိုးအစား ခရီးသည် တင်ကားတစ်မျိုးသာ ရနိုင်သဖြင့် ထိုကားလေးထဲ အရပ်ရှည်ရှည် ထီးရှည်ရှည်နှင့် နေရာကျဖို့ အမြဲတမ်းလိုလို ကြိုးစားနေရသည် ။ သည် ကြားထဲ ကားထဲမှာ ကြက်သွန်အိတ်ကြီးတွေ အ လ ယ ် ကေ ာ င ် မ ့ာ နေရာယူထားသဖြင့် အတော့်ကို ကုန်းကွချိုးနှိမ်ပြီးဝင်ပါမှ ခေါင်းဆောင့်သက်သာပါသည် ။

ဥပဒေအရ ခရီးသည် တင်ယာဉ်များ ကုန်မတင်ရဟု တင်းတင်းကျပ်ကျပ် တားမြစ်ထားသော်လည်း ချောင်နေသောကားထဲကို အကုန်အပြည့်သွတ်ထည့်ဖို့ လောက်သာ ကြိုးစားနေသော..ကားဆရာများ ၏ လောဘကြောင့် ခရီးသည် များ နှင့် မကြာခဏ ခိုက်ရန်ဒေါသဖြစ်ကြသည် ။ ဖြစ်လည်း ဖြစ်ပင်...တင်ကားတင်မြပင်။

အနှီသောဥပဒေကို မထီမဲ့မြင်ပြုနေမှုက ဘယ်သူမှာ တာဝန်ရှိသလဲလို့ လည်း မေးမနေချင်။ မေးလည်း မထူး၊ ဘယ်သူမှ လည်း အရေးတယူမလုပ်ကြ၊ ကိုယ်နေသာသလိုနေကြပြီး ဘယ်သူသေသေ ငတေမာရင်ပြီးရော စိတ်ဓာတ်များ နှင့် ဆိုင်းဘုတ်များများ ထောင်ထားလျှင် တာဝန်ကျေပြီ ထင်နေမှုများ မပျောက်ကွယ်သရွေ့ ဒီလိုပဲ ပျ

ဂ်စီးဆဲကာလများ အဖြစ် နစ်နာနေရပေဦးမည်။

ကားက ရပ်ကွက်ထိပ်ဂိတ်ရင်းက ထွက် လာပြီး မြို့နယ်လမ်းဆုံသို့ ရောက်၍ လာခဲ့သည် ။ ညနေ(၆)နာရီကျော်မှ စျေးခင်းကာ အစည်ကားကြီးစည်ကားနေသော စျေးလမ်းဆုံရောက်သည် နှင့် ကားတင်ဖို့ ချထားသော ကုန်စိမ်းထုပ်ကြီးများဘေးသို့ ကားထိုးရပ်ကာ စက်ပါရပ်ထားလိုက်သည် ။ စပါယ်ယာရော၊ ဒရိုင်ဘာပါ ကားထဲက ထွက်သွားသည် ။ လင်းထက် နာရီကြည့်လိုက်၏။ ခြောက်နာရီခွဲ။

ဒီနေရာမှာ ကုန်တင်ကြဦးမည်။ နောက်ကားပြောင်းစီးဖို့ ရာလည်း ဒီအချိန် ဂိတ်ရင်းကနေထွက်လာသမျှ ကားအားလုံး လူတင်ဖို့ ထက် ကုန်တင်ဖို့ က အဓိကဖြစ်နေကြ၍ ဘာမှ မထူး။ သမိုင်းလမ်းဆုံကို (၇)နာရီခွဲအတိရောက်ဖို့ သာ ဆုတောင်းရပေတော့မည်။

လင်းထက် ကားထွက်ချိန်ကို ပျင်းရိစွာထိုင်စောင့်ရင်း အပြင်ကိုငေးကြည့်သည် ။ သီရိမင်္ဂလာစျေးသစ်ကြီးများ လမ်းဆုံကို မ, ရွှေ့လိုက်တာလားလို့ ထင်မှတ်မှားရအောင် စည်ကားလွန်းလှသည် ။ လမ်းဆုံနေရာဖြစ်၍ ပြည်လမ်းအတိုင်း အလယ်ကျွန်းရှည်နေရာကို မကြာသေးခင်ကမှ ယခင်ထက်ပိုမိုကောင်းမွန်အောင် ပြုပြင်ထားခြင်းဖြစ်သည် ။ ယခင်အဟောင်းတုန်းက ထိုနေရာမှာ စျေးတန်းမရှိ။

ယခုကဲ့သို့ ရွာစိုက်ခင်းစိုက်ခြံများမှ တက်လာသော ဟင်းသီးဟင်းရွက် လက္ကားစျေးအား ကားလမ်းနှင့် လွတ်ကင်းသော လမ်းဘေးနေရာတွင် ခြံနှင့် ဝင်းနှင့် စနစ်တကျရောင်းချနေသေးသည် ။ ယခု ပိုမိုကောင်းမွန်အောင် အသစ်ပြုပြင်လိုက်မှ ယာဉ်ကြောနှစ်ခု၏ အလယ် ကျွန်းရှည် လှလှကြီးခင်များ စျေးသည် များ ၏ စျေးခုံတန်းရှည်ကြီး ဖြစ်ကာသွားလေသည် ။ ချိန်ခွင်တိုင်များ ၊ မီးချောင်းများ စီရီချိတ်ဆွဲကာ ရောင်းဝယ်

ဖောက်ကားနေကြသဖြင့် ညအချိန်ကြည့်ရသည် မှာ လှတောင်လှ၍ နေသေးသည် ။ အလယ်ကျွန်းမှာ စျေးခင်းပြည့်သဖြင့် ယာဉ်ကြောအစပ်မှာ လည်း အလိုအလျောက် စျေးခင်းကြီးဖြစ်၍ ကာသွားသည် ။

ရောင်းဝယ်ဖောက်ကားမှု ယခင်ထက်တိုးတက်စည်ပင်တာတော့ ကောင်းပါသည် ။ တောင်သူတွေ အဆင်ပြေကာ ပြည်သူအများ လတ်ဆတ်ပေါများ စွာ စားရသည် ။ သို့သော်..ဒီမိုကရေစီနိုင်ငံတော်ကြီး ဖော်ဆောင်နေစဉ်ကာလ ဤမြင်ကွင်းက အကျည်းတန် လှသည် ဟု လင်းထက် တွေးပါသည် ။

ဗိုလ်ချုပ်မိန့်ခွန်းထဲက လွတ်လပ်ပြီဟော့ဆိုပြီး လမ်းဘေး ဆေးခြောက်လှန်းတဲ့ အဖြစ်ကို မြင်ယောင်မိသွားသည် ။ ဟုတ်မှာ ပဲဟု တွေးထင်ပြန်ပါသည် ။ အဲဒီခေတ်ကို ဘယ်သူမှ မမီဘဲကိုး။ မည်သို့ဆိုစေ စည်းမဲ့ကမ်းမဲ့ ဒီမိုကရေစီတော့ မဖြစ်သင့်ပြီ။ နေရာတကာ အာဏာသုံးပြန်လျှင်လည်း အာဏာရှင်ဟု ပြောကြပေဦးမည်။ လူတိုင်းဥပဒေကို လေးစားလိုက်နာကာ စည်းကမ်းရှိဖို့ လိုနေသည် ။ မည်သို့လမ်းပြတည်ဆောက်လျှင် ထိုလိုအပ်ချက်အား ပြည့်စုံစေမည်နည်း။

တစ်ခုတော့ရှိပါသည် ။ မြန်မာတွေမှာ ကြေးတိုက်တတ်တဲ့ ဝါသနာမလေ့ရှိကြသည် ။ အို...သူတောင် လုပ်နေသေးတာပဲ.. ငါလည်း လုပ်မယ် ခံရလည်း အတူတူပေါ့ကွာ...ဆိုတာမျိုး။ ဒါက စိတ်ရင်းဆိုလျှင် ထိုစိတ်ရင်းကို ကော်ထုတ်ပစ်ရပါမည်။ သူလုပ်နေလည်း မမှန်ကန်နည်းလမ်းမကျ ဥပဒေနှင့် မညီညွတ်လျှင် ကိုယ် မလုပ်မိဖို့ လိုအပ်သည် ။

လုပ်နေသူကိုလည်း တာဝန်သိစိတ်နှင့် စည်းရုံး၍ တစ်မျိုး၊ တားမြစ်၍ တစ်သွယ် မှန်တဲ့ နယ်ဘက် ဆွဲယူပေးရမည်။ စည်းကမ်းရှိသူများ

လာလျှင် စည်းကမ်းမဲ့သူတွေ လယ်ပြင်မှာ ဆင်သွားသလို ထင်ရှားလာသဖြင့် ဘာသာနောက်ဆုတ်သွားလိမ့်မည်။ နောက်မဆုတ်လည်း ဥပဒေနှင့် အာဏာနှင့် အပြုတ်ဖြုတ်ဖို့ လွယ်သွားသည် ။

''ကဲ...ခြေထောက်ကလေးတွေ မ,ထားမယ်''

လင်းထက် အတွေးပြတ်ကာ လှည့်ကြည့်သည် ။ စပါယ်ယာနှင့် ကုန်ထမ်းသမားနှစ်ယောက် အိတ်ကြီးသုံးအိတ်ထပ်ထားကာ တစ်အိတ်ကို ကားထဲစသွင်းနေပြီဖြစ်တည်း။

''ခြေထောက်တွေ၊ ခြေထောက်တွေ နောက်တော့မှ စပါယ်ယာ ရက်စက်တယ် မပြောနဲ့ နော်...''

သံပုရာသီးအိတ်ကြီးဖြစ်မှန်း အနံ့ကသိသာသည် ။

လင်းထက် စိတ်ထဲချဉ်သွားသည် ။ မေးကြောတွေပါ တင်းသွားသည် ။ သံပုရာအနံ့ကြောင့် မဟုတ် စပါယ်ယာ၏ ရိုင်းစိုင်းသော စကားသံကြောင့် ဖြစ်သည် ။

''ဟိုအစ်မလေး...ခြေထောက်ဗျ မကြားဘူးလား...''

''ကြားတယ်ဟဲ့...ဒီမှာ ဘယ်လိုထားရမှာ လဲ...''

ဘေးခုံတန်းက ခုနစ်ယောက်စီအပြည့်၊ အောက်မှာ လည်း အလယ်ခုံထိုးရာ လူသွားလမ်းမှာ လည်း ကြက်သွန်အိတ်ကတင်ထားသည် ။ အဲဒီအပေါ်ကနေ သံပုရာသီးအိတ်တွေ ရှေ့နောက်ဆင့်ကာ တင်ဦးမည်။ အစ်မလေးဆိုတာ သူ့ဘေးက မိန်းကလေး၊ လင်းထက်လည်း ခုမှ သေချာကြည့်မိသည် ။

သူကားပေါ်စတက်တုန်းက ထီးပြဿနာကြောင့် ရယ်သံသဲ့သဲ့ကြားရတာ သူမဆီကဖြစ်နိုင်သည် ။ ယခုတော့ သူမ မရယ်နိုင်ပါ။ ပေါင်လယ်

လောက် စကတ်တိုလေးဝတ်ထားသဖြင့် စပါယ်ယာ ခိုင်းသလို ခြေထောက်လွတ်အောင်မြှောက်လျှင် ခက်ချေပြီ။

သူနှင့် တခြားခရီးသည် တွေကတော့ ကိုယ့်နည်းကိုယ့်ဟန် ခြေထောက်လွတ်အောင် ကြုံ့သွင်း၍ သံပုရာအိတ်က ကားတစ်ဝက်နီးပါး ဝင်လာသည် ။

''အစ်မ...ခြေထောက်မြှောက်လေဗျာ''

''ဟာ...ကျွန်မ ဘယ်လိုမြှောက်ရမှာ လဲ...အို...''

စပါယ်ယာ မိုက်ရိုင်းချေပြီ။ ဘေးတန်းနှစ်ခုံကို ခြေခွကန်ပြီး သူမခြေထောက်အား ခြေကျင်းဝတ်မှ ကိုင်ကာ ဆွဲမြှောက်ပစ်လိုက်သည် ။ ထိုအခိုက်မှာ ပင် နောက်ကစောင့်နေသော ကုန်ထမ်းသမားက ဂက်(စ်)အိုးနားရောက်သည် အထိ သံပုရာအိတ်ကို ကန်သွင်းထည့်လိုက်၏။

''ရပြီ...ခြေထောက်က ဒီမှာ ထား...''

ပြောပြီး သူမခြေထောက်အား သံပုရာအိတ်ပေါ်မှာ ပစ်ချကာ အောက်ဆင်းသွားလေသည် ။

လင်းထက် ဘယ်လိုမှ ဆက်သည်းမခံနိုင်တော့ဘဲ စပါယ်ယာ နောက်ကနေ ဆင်းကာသွားသည် ။ သူ့ထက် အသက်ပိုမကြီးနိုင်သော်လည်း ပိုပြီးမငယ်။ ညစ်စုတ်စုတ် မိုက်တူးတူးနှင့် နောက်တစ်အိတ်တင်ဖို့ ပြင်နေသော စပါယ်ယာအား ပခုံးပုတ်ခေါ်လိုက်သည် ။

''မင်းဘာလူမျိုးလဲ...''

''ဗမာလေ...ဘာဖြစ်လို့ လဲ...''

''ဘာကိုးကွယ်လဲ...''

''ဟ...ဗုဒ္ဓဘာသာပေါ့ကွ..ချီးပဲ..သောက်လုပ်ရှုပ်မနေနဲ့ ...''

''ခွပ်!...''

လင်းထက် အားကုန်ထိုးချလိုက်သဖြင့် စပါယ်ယာ ချာလပတ်လည်ကာ ကျသွားသည် ။

''ငါတို့ ဗမာလူမျိုး ဗုဒ္ဓဘာသာကိုးကွယ်တဲ့ သူတွေ မင်းလောက် ပေါက်လွတ်ပဲစား မရိုင်းစိုင်းဘူးကွ...''

စပါယ်ယာ ကုန်းကျုံးထလာသဖြင့် လင်းထက် ထီးနှင့် ပိတ်ရိုက်သည် ။

''ဖောင်း!...''

ထိုစဉ်မှာ ပင် မာကျောသောအရာတစ်ခုက သူ၏ ဦးခေါင်းပေါ် ပြင်းထန်စွာကျရောက်လာသဖြင့် သူ့မျက်လုံးထဲ မီးပွင့်ကာ သံပုရာအိတ်ပေါ် ကားရားကျသွားသည် ။ သတိမလွတ်၍ လှည့်ကြည့်တော့ သစ်သားထိုင်ခုံအပုတစ်လုံးကို ကိုင်ထားသော ဒရိုင်ဘာ။

''မင်းက ဘာလူပါးဝတာလဲ...ခွေးမသား''

နောက်တစ်ချက် ကိုင်မြှောက်ကာ အားနှင့် လွှဲရိုက်ပြန်ပါသည် ။ သို့သော်...ထိုရိုက်ချက်သည် သူ့ထံမည်မျှပြင်းထန်စွာ ကျရောက်ကြောင်း သူ မခံစားမိတော့ပေ။

''သားလေး...လင်းထက်''

''အား...ကျွတ်...ကျွတ်...''

ပြာဝေမှုးမိုက်နေသော အမြင်အာရုံနှင့် နာကျင်ကိုက်ခဲမှု ဝေဒနာက မတန်တဆဖိစီးထား၍ လင်းထက်သတိရသော်လည်း ပြန်မှိ နိ်းနေလိုက်

သည် ။

''သားလေး...သတိရပြီလားဟင်''

သူလှုပ်ရုံသာ ခေါင်းညိတ်ပြလိုက်သည် ။ အနားမှာ အမေရှိနေသည် ။ ပြီးတော့..ဘယ်သူရှိသေးလဲ၊ ဒါဘယ်နေရာလဲ၊ ဘာဖြစ်တာလဲ စသော အတွေးများအား အသာမှိ နိုးကာ တစ်ခုချင်းတွေးကြည့်သည် ။

သိပြီ၊ မြဘုန်းတို့ နှင့် သမိုင်းလမ်းဆုံမှာ (၇)နာရီခွဲအရောက် ချိန်းထားသဖြင့် သူသွားသည် ။ လမ်းဆုံမှာ ကားသမားနှင့် ...။

လင်းထက် မျက်လုံးတွေကို ဖြည်းဖြည်းချင်း ကြိုးစားဖွင့်ကြည့်သည် ။ ပထမဆုံးမြင်ရသည် က သူ့ကို ကရုဏာသက်စွာ ရပ်ကြည့်နေသော မိန်းကလေးတစ်ယောက်။

နှာတံပေါ်ပေါ်၊ မျက်လုံးလှလှ၊ ပိရိနုထွေးနေသော နှုတ်ခမ်းအစုံ၊ တစ်စုံတစ်ခုကိုပြောဖို့ တရွရွလေး ပြင်ဆင်နေတဲ့ အထိ သူမြင်နေရသည် ။ ဒီမိန်းကလေးက...

''ကျွန်မကို မှတ်မိလားဟင်၊ ကားပေါ်မှာ ကျွန်မနဲ့ ဘေးချင်း ယှဉ်ပြီး ထိုင်တော့လေ''

သူမှတ်မိပါသည် ။ အဝါရောင်စကတ် လှလှတိုတိုလေး.. ပြီးတော့ ဖွေးဥနေတဲ့ ပေါင်တံလေး...အဲဒါကြောင့် ပဲ။

သူအမေ့ဘက်သို့ ခေါင်းကို အသာငဲ့စောင်းကြည့်လိုက်သည် ။

''သားရယ်...မသေကောင်းမပျောက်ကောင်းကွယ်၊ ဟိုသမီးလေးက သားကိုဆေးရုံပို့ပြီး သူကိုယ်တိုင် အမေ့ကိုလာခေါ်လို့ သာပေါ့၊ တစ်ညလုံး အမေနဲ့ သူ နှစ်ယောက်စောင့်ကြတာသားရဲ့ ''

သူ မျက်လုံးမှိတ်ကာ နားထောင်နေလိုက်သည် ။ စပါယ်ယာနှင့် ဒရိုင်ဘာတို့ သူ့ကို ဘယ်လောက်တောင် ဖွတ်လွှတ်လိုက်သည် မသိ။ တစ်ကိုယ်လုံး ရိုက်ခြေထားသလို အပ်ဖျားလောက်တောင် လှုပ်လို့ မရ။ ခေါင်းကို ဟိုဘက်ဒီဘက်လှည့်တာပင်လျှင် သေမလောက် နာကျင်နေလေသည် ။

''သမီးလေးပြောလို့ အမေအကုန်သိပြီးပါပြီ...၊ ရဲတွေလည်း စစ်ချက်ယူသွားပြီ...၊ ဟိုနှစ်ယောက်ကိုလည်း ဖမ်းထားပြီ၊ သမီးက ကာကွယ်ခြေဖျက်မှု၊ ကိုယ်ထိလက်ရောက်စော်ကားမှုနဲ့ အမှုဖွင့်ထားတယ်၊ အခုလည်း ဆေးရုံစရိတ်ကို သူ့ကြောင့် ဖြစ်ရတာဆိုပြီး အားလုံးတာဝန်ယူထားတယ်''

''ကုန်ကျစရိတ်မှတ်ထားပြီး အားလုံးပြန်ပေးလိုက်ပါ အမေ၊ ကျွန်တော် လူမိုက်အားပေး မလုပ်ချင်ဘူး''

''ဟဲ့သား!...''

လင်းထက် ငြိမ်နေလိုက်ပါသည် ။ အသိစိတ်နှင့် ငြိမ်နေခြင်းဖြစ်သည် ။ သူ့စကား ခါးလေ၏။ မတတ်နိုင်ပြီ။ ဒီလို မြူဆွယ်ဖြားယောင်းတဲ့ အဝတ်အစားတွေ ဝတ်နေသရွေ့ ဒီလိုပြဿနာမျိုးတွေ ကြုံကြိုက်နေရပေဦးမည်။ ကျေနပ်လိုက်လျှင် အားပေးရာရောက်သည် ။ ဝန်ခံရလျှင် ကြည့်လို့ မရ၊ ကြည့်လို့ လည်း မဖြစ်။ ကိုယ်လည်း အရိယာသူတော်စင် မဟုတ်၍ ဘယ်တော့စိတ်ဓာတ်ပျက်ပြားမလဲဆိုတာ မသေချာ။

သေချာတာက ဒီလိုဖော်ရွှေတ်တွေ၊ မလုံမခြုံတွေ၊ ပြည်ပ ယဉ်ကျေးမှု အရေခွံတွေကို ဆန့်ကျင်ပစ်ရမည်။

လူငယ်ဖြစ်ပြီး ခေတ်ကိုနားမလည်ဘူးဟု အပြစ်ပြောလည်း ခံလိုက်မည်။ အိုးနှင့် ဆန် တန်ရာတန်ရာလုပ်ဖို့ လိုအပ်သည် ။ ခေတ်ဆန်ချင်

တာတစ်ခုနှင့် ပင် မြန်မာ့နည်းမြန်မာ့ဟန်ကို မေ့၍ နေကြသည် ။ ယဉ်ကျေးမှုအစစ်ကြီးနှင့် နေရမည်ဟု မဆိုလို။ ယဉ်ကျေးစွာ၊ လွတ်လပ်သောနည်းများ များ စွာရှိပါသည် ။ အနည်းဆုံး ကိုယ့်လူမျိုး၏ အစဉ်အလာနှင့် ကိုယ်ကိုးကွယ်သောဘာသာကို အားနာစွာ ခေတ်မီရန် သင့်သည် ။ ကိုယ့်အတွေးနှင့် ကိုယ် အားလုံးမေ့နေပြီးမှ အသာမျက်လုံးဖွင့်ကြည့်သည် ။ သူမ မရှိတော့ပြီ။

*